# ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ

"There is enough in the world for man's need but not for man's greed."

**BAPS Newsletter** ကို ကမကထပြုသူထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့မိတ်ဆွေက စာစောင်ထဲမှာ စာတစ်ပုဒ်လောက်ရေးပါဦးလို့ ဆိုလာပါတယ်၊ မြန်မာပြည်မှာရှိနေစဉ်က မဂ္ဂဇင်းစာစောင်တော်တော်များမှာ ဆောင်းပါးများရေးလေ့ရှိတာကိုသိလေတာကြောင့် ယခုလိုဆိုလာခြင်းပဲဖြစ်ပါလိမ့်မယ်၊ အမေရိကိုရောက်ကတည်းက ရောက်စသူတို့မှာ အများအားဖြင့် တွေ့ရလေ့ရှိတတ်တဲ့ ဒုက္ခ သုက္ခအချို့နဲ့ မလွဲမရှောင်သာပဲ တွေ့နေရတာကြောင့် စာမရေးဖြစ်ခဲ့တာအတန်ကြာခဲ့ပါပြီ၊ ရေးချင်တဲ့အကြောင်းအရာတွေများပေမယ့် စာမျက်နှာတွေပေါ် ရောက်လာတဲ့အထိ ဖြစ်မလာခဲ့ပါဘူး၊ ခုချိန်မှာတော့ အတန်အသင့်အနယ်ကျလာတာရယ် မိတ်ဆွေရဲ့တောင်းဆိုလာတာရယ် စတဲ့ အကြောင်းလေးတွေ ညီညွတ်လာတာကြောင့် စာရေးဖို့ပြင်ဆင်ဖြစ်ပါတယ်၊ ဒီလိုပြင်ဆင်ဖြစ်လို့ ဘာအကြောင်းအရာကို ဦးစားပေးရေးရပါ့မလဲလို့ စဉ်းစာနေခိုက်မှာပဲ မဟတ္တမဂန္ဒီရဲ့ အထက်က အဆိုအမိန့်စကားလေးတစ်ခုကို ကျောင်းစာသင်ခန်းထဲမှာ ဆရာမက တစ်ခုတ်တရ တိုက်တိုက်ဆိုင်ဆိုင်ပြောလာပါတယ်။

ဒီစကားလေးကို ဘာကြောင့်ဆရာမကပြောခဲ့ပါသလဲဆိုရင် စာသင်ဝိုင်းများထဲက စခဲ့တယ်လို့ပြောရမှာပါ၊ ကျွန်တော်တို့အတန်းထဲမှာအင်္ဂလိပ်စာအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေဖို့ အင်္ဂစာကို**Second Language** အဖြစ်ယူကြရတဲ့သူများအတွက် အစီအစဉ်တစ်ခုရှိပါတယ်၊ အဲဒါက တစ်ပတ်တစ်ခါ အင်္ဂါနေ့ရောက်တိုင်း ဒီနေ့တီဗွီ ရေဒီယိုသတင်းစာနဲ့အင်တာနက်များထဲမှာ ရေပန်းအစားဆုံးနဲ့ အထင်ရှားဆုံးသတင်းများထဲက မိမိတို့ပြော လိုရာသတင်းတစ်ခုခုကို အတန်းထဲမှာပြောပြရခြင်းပဲဖြစ်ပါတယ်၊ ခုရက်ပိုင်းမှာတော့ ရုရှားမှာဖြစ်နေတဲ့ ချေချင်း ဒေသက အရေးအခင်းတွေရယ် အရှေ့အလယ်ပိုင်းဒေသက ငြိမ်းချမ်းရေးဆွေးနွေးပွဲ အကြောင်းတွေရယ်ကို အများစုကပြောဆိုခဲ့ကြပါတယ်၊ ဒီအကြောင်းအရာတွေကို ပြောသွားကြသူများထဲမှာ အီရတ်နိုင်ငံက ကျောင်းသားတစ်ဦးလဲ ပါဝင်ပါတယ်၊ အီရတ်ကျောင်းသားက သူ့ကိုယ်သူမိတ်ဆက်စကားဆိုရာမှာ "အီရတ်နိုင်ငံဆိုတာ ဒီကအတန်းဖော်မိတ်ဆွေများအားလုံး သိချင်မှသိကြပါလိမ့်မယ်၊ ဒါပေမယ့် ပေါ်လွင်ထင်ရှားတဲ့ အရာတစ်ခုကိုတော့ အားလုံးကြားဘူးကြလိမ့်မယ်လို့ကြည်ပါတယ်၊ အဲဒါကတော့ ဆဒမ်ဟူစိန်ပါပဲလို့ ပြောပြသွားပါတယ်"၊ နောက်ပြီးသူက "ကျွန်တော်တို့နိုင်ငံရဲ့အမှတ်အသားကို ခုလိုအမည်းရောင်သင်္ကေတနဲ့ မညွှန်းဆိုချင်ပါဘူး၊သို့ပေမယ့် ချေဖျက်လို့မပျက်နိုင်တော့တဲ့ အစွန်းအထင်းတစ်ခုမို့ ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့အမိနိုင်ငံဟာ ဒဏ်ရာ အနာတရဖြစ်ခဲ့ပါပြီ၊မိတ်ဆွေတို့ကို ကြုံကြိုက်လို့တောင်းဆိုချင်တာတစ်ခုကတော့ ဆဒမ်ဟူစိန်ဟာ အီရတ်နိုင်ငံသားတစ်ယောက် အီရတ်နိုင်ငံရဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်ပေမယ့် အီရတ်နိုင်ငံသားတိုင်းဟာ ဆဒမ်ဟူစိန် မဟုတ်ကြပါကြောင်းကိုတော့ အသိအမှတ်ပြုပေးစေချင်ကြပါတယ်" လို့ ဝမ်းနည်းယူကြုံးမရဖြစ်တဲ့အသံနဲ့ ဆက်ပြောခဲ့ပါတယ်။

အဲဒီလိုသူပြောအပြီးမှာတော့ လှုပ်ရှားတက်ကြွနေတဲ့ ကျွန်တော်တို့အတန်းဟာ အားလုံးငြိမ်သက်တိတ်ဆိတ်သွားခဲ့ပါတယ်၊ ဒီအချိန်မှာ ကျွန်တော်တို့အတန်းသားအားလုံးရဲ့ရင်ထဲ ကိုယ်စီကိုယ်စီ အတွေးလေးတွေနဲ့ဖြစ်နေကြမှာ မလွဲပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်းပဲ မဆုံးနိုင်တဲ့ အတွေးများနဲ့ဖြစ်ခဲ့ရပါတယ်၊ ဆဒမ်ဟူစိန်ရဲ့ပုံရိပ်လွှာနဲ့အတူ အခြားအခြားသော အလားတူပုံရိပ်လွှာတို့ဟာလည်း ကျနော်ရဲ့နှစ်လုံးသားနဲ့ အသိဉာဏ်ထဲမှာ တသီတတန်းကြီး ထင်ပေါ်လာခဲ့ပါတယ်၊ အလှည့်ကြသူတွေက ဆက်လက်ပြောဆိုသွားကြပေမယ့် ကျွန်တော်တို့ရဲ့ စိတ်များဟာ ပစ္စုပ္ပန်အခြေအနေပေါ်မှာရှိမနေကြတော့ပါဘူး၊ ဒါကိုသဘောပေါက်ဟန်ရှိတဲ့ဆရာမက မဟတ္တမဂန္ဒီရဲ့ အထက်ကစကားလေးကိုပြောဆိုပြီး ကျွန်တော်တို့ရဲ့အတွေးတွေကို ရပ်တန့်စေခဲ့ပါတယ်။

မဟာတ္တမဂန္ဒီရဲ့စကားကို "ဒီကမ္ဘာလောကကြီးဟာ လူသားတို့ရဲ့ (အမှန်တကယ်ရှိသင့်တဲ့) လိုအပ်ချက်အတွက် ပြည့်စုံလုံလောက်ပေမယ့် လူသားတို့ရဲ့ (မတရား)ရယူပိုင်ဆိုင်လိုမှု အပိုလောဘအတွက်တော့ ပြည့်စုံနိုင်ပေလိမ့်မယ် မဟုတ်ပေဘူး" လို့ ဆီလျော်အောင်ဘာသာပြန်နိုင်မယ်ထင်ပါတယ်၊ ဂန္ဒီရဲ့ဒီစကားလေးဟာ တိုတောင်းပေမယ့် အဓိပ္ပါယ်အနေနဲ့တော့ အလွန်မှပဲရှည်လျားလှပါတယ်၊ မြေပြင်မှာပဲဖြစ်ဖြစ် ရေပြင်မှာပဲဖြစ်ဖြစ် ဟိုး အထက်ဝေဟင်မှာပဲဖြစ်ဖြစ် လူသားတို့နေထိုင်ရာ ဟောဒီကမ္ဘာကြီးဟာ ဆိုင်ရာ ဆိုင်ရာအလှတို့နဲ့ ပြည့်ဝကုံလုံလှပါတယ်၊ ကျွန်တော်တို့လူသားတွေ ထုတ်ယူသုံးစွဲလို့မကုန်နိုင်လောက်အောင်ကိုပဲ သယံဇာတ သဘာဝအရင်း အမြစ်တို့နဲ့လဲ ပြည့်စုံလှပါတယ်၊ ကျွန်တော်တို့တတွေရဲ့လိုအပ်ချက်သာ အတိုင်းအတာရှိမယ်ဆိုရင်ဖြင့် မိခင်ကမ္ဘာကြီးရဲ့ သဘာဝလက်ဆောင်တွေဆိုတာ ကျွန်တော်တို့အတွက်  ပိုလျှံလို့နေဦးမည်သာဖြစ်ပါတယ်။

သို့ပေမယ့် သက်ရှိသတ္တမျိုးနွယ်စုထဲမှာ ဉာဏ်ရည်ဉာဏ်သွေးအမြင့်မားဆုံး စွမ်းရည်အမြင့်မားဆုံးရယ်လို့မှတ်ယူထားတဲ့ ကျွန်တော်တို့လူသားတို့ရဲ့ အဆင်ခြင်မဲ့ရယူပိုင်ဆိုင်လိုမှုများကြောင့် ကျွန်တော်တို့မိခင်ကမ္ဘာကြီးအနေနဲ့ ပေးဆပ်၍မလောက်နိုင်လောက်ကိုပဲ ဖြစ်နေခဲ့ရပါတယ်၊ အထူးသဖြင့်တော့ တမိပေါက် တစ်ယောက်ထွန်းဆိုတဲ့စကားလေးလို တစ်ခါတစ်ခါမှာ ဂြိုဟ်ကောင်အနေနဲ့ပေါ်လာတတ်တဲ့ သားဆိုးသားမိုက်များကြောင့် ကျွန်တော်တို့ မိခင်ကမ္ဘာကြီးဟာ ဒဏ်ရာအနာတရတွေနဲ့ အမြင်မလှအောင်ဖြစ်ခဲ့ရပါတယ်၊ ကျွန်တော်တို့မိခင်ကမ္ဘာကြီးသွေးညှီနံ့လွှမ်းခဲ့ရသလို ယမ်းနံ့မီးခိုးနံ့တွေလဲ သင်းခဲ့ရပြန်ပါတယ်၊ ထာဝရအလှတွေပျက်ပြုန်းခဲ့သလို သဘာဝအလှတရားတွေဆိုတာလဲ မကြာခဏဆိုသလို ဘုန်းဘုန်းလဲခဲ့ရပါတယ်၊ ခြေပြတ်သူပြတ် လက်ပြတ်သူပြတ်အစာငတ်သူငတ်နဲ့ ဘဝဇာတ်မလှဖြစ်ခဲ့ရသူတွေ တောင်လိုပုန်နေခဲ့သလို သားပျောက်တဲ့မိခင် ရင်ခွင်မဲ့တဲ့သားခိုကိုးရာမဲ့ အဖိုးအဖွားများရဲ့ ဆိုးရွားလှတဲ့ဘဝအခြေအနေတွေကို မိခင်ကမ္ဘာကြီးဟာ နာကျည်းကြေကွဲစွာနဲ့အမြဲသာ တွေ့ကြုံနေခဲ့ရပါတယ်။

နယ်မြေချဲ့ထွင်လိုမှုတွေ တန်ခိုးအာဏာကျယ်ပြန့်လိုမှုတွေကြောင့် စစ်ပွဲကြီးတွေအလီလီဒီကမ္ဘာပေါ်မှာပေါ်ပေါက်ခဲ့သလို မိမိတန်ခိုးအာဏာတည်မြဲရေး၊ မိမိရဲ့အသိုက်အအုံလေးတစ်ခုကောင်းစားရေးကို ဦးစားပေးလွန်းသူများကြောင့် စတေးပေးဆပ်ခဲ့ရတဲ့ အသက်သွေးချွေးပေါင်းများသွာဆိုတာလဲ မရေတွက်နိုင်လောက်အောင်များခဲ့ပါပြီ၊ မတရားရယူပိုင်ဆိုင်လိုမှု တန်ခိုးပါဝါချဲ့ထွင်လိုမှု မိမိအာဏာတည်မြဲလိုမှု  စတဲ့စတဲ့လောဘတရားတွေ၊ အာဏာပါဝါပြလိုခြင်း၊ ခက်ထန်မာကြောခြင်း၊ အမျက်ဒေါသပြင်းထန်ခြင်းစတဲ့ အကြမ်းစားအတက်ဒေါသတွေနဲ့ မိမိရဲ့လက်ရှိအခြေအနေကနေ လျော့ကျသွားမှာစိုးရိမ်ခြင်း၊ တစ်ခုခုကိုတွေးတောကြောက်ရွံ့ခြင်းစတဲ့ အငုံ့ဒေါသအကျဒေါသတွေ၊ အမှန်တရားကိုဖုန်းကွယ်ခြင်း၊ အမှားကိုအမှန်ရယ်လို့မြင်လာအောင်ဖန်တီးတတ်တဲ့ မောဟတရားတွေနဲ့ ငါနဲ့ငါသာနိုင်းစရာ ငါ့သာငါပြင် ဘယ်မမြင်စတဲ့ မာန်မာနတရားဆိုးတွေရဲ့ စိုးမိုးချယ်လှယ်အနိုင်ယူမှုတွေကြောင့် ကျွန်တော်တို့ရဲ့မိခင်ကမ္ဘာကြီးဟာ နာလန်မထူနိုင်လောက်အောင်ကိုပဲဖြစ်နေရပါတယ်။

သာမန်ကြည့်ရင် ကမ္ဘာလောကကြီးဒဏ်ရာအနာတရတွေနဲ့ ဗရပွဖြစ်နေအောင်ဖန်တီးတတ်သူဟာ လူသား ဆိုတဲ့ပုဂ္ဂိုလ်တွေပဲရယ်လို့ထင်မြင်စရာရှိပေမယ့် တကယ့်(၁)နံပါတ် လက်သည်တရားခံတွေကတော့ အဲဒီလူသားတွေရဲ့သန္တာန်မှာ ကိန်းတည်နေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနစတဲ့တရားဆိုးတွေပဲ ဖြစ်ပါတယ်၊ လူသားတို့ရဲ့ရင်ထဲ ဒီတရားဆိုးတွေစိုးမိုးချယ်လှယ်အနိုင်ယူနေသမျှ ကျွန်တော်တို့ရဲ့ကမ္ဘာဟာ ဘယ်သောအခါမှာမှအပြည့်အဝငြိမ်းချမ်းသာယာလှပနိုင်မယ် မဟုတ်ပါဘူး။

ရှက်စရာကိုရှက်တတ် ရွံ့စရာဆိုရွံ့တတ်တဲ့ ဟိရီဩတ္တပ္ပဆိုတဲ့ လောကပါလတရားတွေနဲ့၊ စာနာခြင်း၊ ညှာတာထောက်ထားခြင်း၊ ရိုင်းပင်းကူညီခြင်း၊ တစ်ဦးအပေါ်တစ်ဦးနားလည်ခွင့်လွှတ်နိုင်ခြင်းစတဲ့ ဗြဟ္မစိုရ်တရားတွေကျွန်တော်တို့ရဲ့ သတ္တလောကဆိုတဲ့လူသားကမ္ဘာမှာ တိုးတက်ထွန်းကားလာပါမှ မိခင်ကမ္ဘာဆိုတဲ့ ဩကာသလောကကြီးလဲ ငြိမ်းချမ်းစွာဆက်လက်ရှင်သန်ခွင့်ရှိနိုင်မှာပါ။ ဒီတော့ကျွန်တော်တို့တတွေအနေနဲ့ ဘယ်သူတွေပဲတရားပျက်ပျက် ကိုယ်တရားမပျက်မိစေဖို့ကိုတော့ စောင့်ထိန်းကြိုးစားကြရမှာပါ၊ ဒီလိုမှမဟုတ်ပဲ ချော်လဲရောထိုင်

သဘောမျိုး၊ အများမိုးခါးရင်သောက်ရင် ကိုယ်လဲသောက်ရမှာပေါ့ဆိုပြီး မကောင်းမှန်းသိလျက် ဇွတ်မှိတ်လက်သင့်ခံလိုက်နာမှုမျိုးကတော့ ကျွန်တော်တို့မိခင်ကမ္ဘာကြီး တိုးတက်ကောင်းမွန်စေဖို့အတွက် ဘယ်လိုမှ အထောက်အပံ့ဖြစ်နိုင်မယ်မဟုတ်ပါဘူး။

အထူးသိထားဖို့လိုတာကတော့ မကောင်းဒဏ်ပဲဖြစ်ဖြစ် ကောင်းကံပဲဖြစ်ဖြစ် အချိန်တန်လျင်တော့ ပြုသူထံပြန်လာစမြဲပါ၊ မတရားသော ရယူပိုင်ဆိုင်မှုတွေအတွက် ပေးဆပ်ရမည့်အလှည့်မှာ သဘာဝဓမ္မရဲ့စီရင်ချက်ဟာ ဖောက်ပြန်ရိုးမရှိတဲ့ သူ့တရားအတိုင်းသာပဲ ဖြစ်လေမှာပါ၊ တကယ့်သဘာဝနယ်ပယ်မှာ ရာထူးအာဏာစည်းစိမ်ဥစ္စာတို့ရဲ့ မျက်နှာကြီးငယ်ဆိုတာ ဘယ်လိုမှ နေရာရနိုင်မှာ မဟုတ်ပါဘူး၊ နိုင်ထက်စီးနင်း ကြီးနိုင်ငယ်ညှင်းအားရှိအားမဲ့ ပြုမူချက်တွေရဲ့ နောက်ဆက်တွဲဒဏ်ချက်တွေဟာ အလိုအလျောက်ကြေပျောက်သွားလေမှာမဟုတ်တာလဲသေချာလှပါတယ်၊ ဖြစ်တည်ခိုက်ဘဝ တကယ့် တကယ်စဉ်းစားကြည့်ပါရင် တိုတောင်းလှတဲ့ဘဝဒီမပြောပလောက်တဲ့ အချိန်ကာလလေးအတွင်းမှာ ပတ်ဝန်းကျင် ကမ္ဘာလောကအတွက် အလှမချယ်သနိုင်သည့်တိုင်အရုပ်ဆိုးအကျည်းတန်စေမဲ့ အဖြစ်မျိုးကိုတော့ မပြုလုပ်မိစေဖို့ အထူးပင်လိုအပ်လှပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ ရယူပိုင်ဆိုင်လိုမှုတွေဟာ အနည်းနည်းအဖုံဖုံကွဲပြားခြားနားလေမှာတော့အမှန်ပါပဲ၊ အကြောင်းအရာ အသွင်သဏ္ဌာန်ကွဲပြားသလို အတိုင်းအတာပမာဏလဲ ကွားပြားလေမှာပါပဲ၊ ရုပ်ဝတ္ထုတွေဖြစ်နိုင်သလို အသွင်သဏ္ဌာန်မရှိတဲ့အရာမျိုးတွေလဲဖြစ်နိုင်တာပါပဲ၊ သို့ပေမယ့် ကန့်သန့်ဘောင်မဲ့အတိုင်းအတာမျိုးနဲ့ မပြီးဆုံးနိုင်တဲ့ အနည်းနည်းအဖုံဖုံမျိုး မဖြစ်ဖို့တော့အမှန်တကယ်လိုပေလိမ့်မယ်၊ ဒီလိုမှမဟုတ်ပဲမိခင်ကမ္ဘာလောကကြီးရဲ့လက်ဆောင်ပဏ္ဏာအားလုံးဟာ တစ်ဦးတစ်ဖွဲ့တည်းပိုင်သာဖြစ်ရကောင်းနိုင်စေဖို့ ကြိုးစားခဲ့မယ်ဆိုရင်ဖြင့် အဲ ကြိုးစာသွားကြမယ်ဆိုရင်ဖြင့် ဂန္ဒီရဲ့စကားလို အဲဒီလိုပုဂ္ဂိုလ်မျိုးတွေအတွက် ဒီကမ္ဘာလောကကြီးဟာ ဘယ်သောအခါမှာမှ လောက်ပြေည့်စုံနိုင်လိမ့်မယ်မဟုတ်ပေဘူး၊ နောက်ပြီး အဲဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့မကင်းနိုင်စကောင်းစွာ တွေ့ကြုံနေရဦးမည့် ကျွန်တော်တို့ရဲ့လူသားမျိုးနွယ်စု သတ္တမျိုးနွယ်စုတစ်ခုလုံးလဲ အစဉ်ထာဝရ ဆုံးရှုံးပျက်ပြားနေမှုကြီးတစ်ခုရဲ့ ပုံရိပ်အသွင်အပြင်ကြီးသာ ဖြစ်နေဦးတော့မှာ မလွဲပါဘူး။

ဒီတော့ လောဘ ဒေါသ မောဟနဲ့ အတ္တမာန်မာနစတဲ့တရားဆိုးတွေ၊ ပြိုးစူ စောင်းမြောင်း မနာလိုဝန်တိုမှုတ္တသာ မစ္ဆရိယစတဲ့တရားဆိုးတွေ၊ အဆုံးစွန် မပယ်သတ်နိုင်သေးသည့်တိုင် နည်းပါးသထက် နည်းပါးသွားလေအောင်၊ စောင့်စည်းထိမ်းသိန်းရမည့် လူ့ကျင့်ဝတ်တရားတွေကို စောင့်စည်းထိန်းသိမ်းရကောင်းမှန်းသိနိုင်ကောင်းတဲ့ ဟိရီ ဩတ္တပ္ပဆိုတဲ့ လောကစောင့်တရားတွေ ထွန်းကားရလေအောင်၊ မေတ္တာ ကရုဏာ မုဒိတာနဲ့ တကယ့်စစ်မှန်တဲ့ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေ ပြန့်ပွားရလေအောင် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးစားသွားကြဖို့ လိုပေလိမ့်မယ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ ထူးခြားတဲ့သင်္ကေတဟာ သန့်ရှင်းစင်ကြယ်မှု လေးစားမြတ်နိုးဂုဏ်ယူဖွယ် အမှုမျိုးသာဖြစ်စေဖို့ တတ်နိုင်သမျှ ကြိုးစာသွားကြရမှာပါ။

နိဂုမ်းစကားအနေနဲ့ဆိုရရင် မကောင်းကျိုးဆောင်တရားတွေနည်းပါး ကောင်းကျိုးဆောင်တရားတွေတိုးတက်ထွန်းကားလာတာနဲ့အမျှ ငြိမ်းချမ်းသာယာလှပတဲ့ဘဝလေးတွေကို အသီးသီးပိုင်ဆိုင်ရရှိကြမှာမလွဲသလိုအရာရာလောက်ပြေည့်စုံတဲ့ကမ္ဘာကြီးတစ်ခု လိုအပ်ချက်မဲ့ကမ္ဘာကြီးတစ်ခုကို ကျွန်တော်တို့ (သို့မဟုတ်) ကျွန်တော်တို့ရဲ့မျိုးဆက်သစ်တွေအနေနဲ့ အမှန်ပဲတွေ့မြင်ကြရပါလိမ့်မယ်။

ဉာဏ်ဦးမောင်
ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ စာအုပ်မှ